# 'ဘုရားသခင်၏ ဘုန်းကျေးဇူးတော်'

# The Glory of His Grace

## Steve Curtis

*@ 2011 Translated by Evangelical Reformed Fellowship, Myanmar*

(အသင်းတော်ကန့်သတ်)

# ဘုရားသခင်၏ ဘုန်းကျေးဇူးတော်

# The Glory of His Grace

Steve Curtis

(အသင်းတော်ကန့်သတ်)

# The Glory of His Grace
# ဘုရားသခင်၏ဘုန်းကျေးဇူးတော်[၁]

သင်သည် ဘုရားသခင်အကြောင်းကို များစွာတွေးခေါ်စဉ်းစားမည် မဟုတ်ပေ။ ဤအရာသည် သင့်အတွက် ဖြစ်ပါသည်။ ဘုရားသခင်တည်ရှိတော် မူခြင်းကို သိရှိရန် သင်သည် အံ့သြခြင်းရှိသည်။ ဤသို့ အံ့သြလျှင် သူသည် မည်သူဖြစ်ကြောင်းနှင့် မည်သည့်အရာကို အလိုရှိကြောင်း စသည်တို့သည် သင့်အတွက် ဖြစ်ပါသည်။

အကယ်၍ သင်သည် ဘုရားသခင်ကို သိရှိပြီးဖြစ်ပါက သင့်အတွက် တစ်ခုခုရှိကြောင်း ကျွန်ုပ်သည် မြင်ယောင်မိသည်။ အခြေခံအားဖြင့်ဆိုရလျှင် သင်သည် ဝေဖန်သောထင်မြင်ချက် အနည်းငယ်ပြုလုပ်နိုင်သည်။ ဤအရာသည် အလွန်လိုအပ်သော အထောက်အကူကို ဆောင်ရွက်ပေးနိုင်သည်။ ဤအရာသည် အရေးကြီးသည်။

ကျွန်ုပ်တို့သည် ပထမအရာကို ပထမဦးစွာ ဆောင်ရွက်ကြပါစို့။ အသေချာဆုံး၊ သံသယကင်းမဲ့စွာနှင့် မငြင်းဆိုနိုင်ဖွယ်အားဖြင့် ဘုရားသခင်တည်ရှိသည်။ ဘုရားသခင်၏ တည်ရှိမှုအကြောင်းကို သက်သေများစွာအားဖြင့် သင့်အားရယူစေလိုသည်။ ဘုရားသခင်၏ တည်ရှိပုံနှင့် ပုံစံအကြောင်းကို အတွေးအခေါ်ဆိုင်ရာ ငြင်းခုံမှုများကို ကျွန်ုပ်အသုံးပြု နိုင်သည်။ ကျွန်ုပ်သည် သိပ္ပံနည်းကျအထောက်အထားဖြင့် လူ့ပ်ရှားမှုနှင့် အနုမြူတည် ဆောက်ပုံ အကြောင်းကို ကိုးကားနိုင်သည်။ သင်၏နှလုံးသား၊ သင်၏အမြင်အာရုံငါးပါး ဖြင့် သင့်အားအာရုံခွဲဆောင်နိုင်ပါသည်။ သို့သော် ဤအရာသည် အမှန်တကယ် ဆောင်ရွက်ရန် မလိုအပ်ပါသလား။

ဘုရားသခင်တည်ရှိကြောင်း သင်သိမည့်အကြောင်း ကျွန်ုပ်ထင်မြင်သည်။[၂] သင်သည် ဘုရားသခင်ရှိစေရန် အလိုမရှိဘဲ ဖြစ်နိုင်သည်။ သို့သော်သူသည် တည်ရှိတော် မူကြောင်း သင်သိရှိမည်။ သင်သည် တာဝန်ရှိတော်မူကြောင်း သင်သည် ထင်မြင်ယူဆ နိုင်သည်။ သို့သော်သင်သည် တာဝန်မရှိကြောင်း သိရှိသည်။ ဖြစ်မဖြစ်အကြောင်းကို စိတ်ခံစားမှုမရှိပါနှင့်။ သင်သည် တစ်ယောက်တည်းမရှိပါ။ ကျွန်ုပ်သည် ထိုနည်းတူ ခံစားသည်။ ကျွန်ုပ်သည် သင့်အား တစ်ခုခုပေါ်တွင် တည်ရှိသော သူအဖြစ် သင့်ကို ဖြစ်စေမည်။ လူတိုင်းပြုသောအရာဖြစ်သည်။[၃] ဘုရားသခင်မရှိဟု ပြောသောသူများ ရှိသည်။ သင်ခံစားသည့်အတိုင်း ဘုရားသခင်အသုံးပြုခဲ့သည်။ သူတို့သည် သင့်အား ယုံကြည်စေလို သည်ဖြစ်စေ၊ သူတို့သည် ဘုရားသခင်မရှိကြောင်း ယုံကြည်လျှင် သို့မဟုတ် သူတို့သည် မိမိကိုယ်ကို သိလျှင် သူတို့သည် မှားယွင်းသော ယုံကြည်ချက်ရှိသောသူဖြစ်ကြသည်။ သို့သော်သင်သည် ယခုတိုင် ဤအရာကို ဖတ်ရှုသည်။ အဘယ်ကြောင့်ဆိုသော် သင်သည် သူတို့ရှိသောအရပ်၌ ရှိသောသူမဟုတ်ပေ။ သင်သည် ဘုရားသခင်တည်ရှိတော်မူကြောင်း လက်ခံသည်ဖြစ်စေ၊ မလက်ခံသည်ဖြစ်စေ၊ အားနည်းသူပြုသောဂတိကို ယုံကြည်ရမည်။ တစ်ဖန် ဘုရားသခင်ပြုသောအရာကို စိတ်ချစေနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် တစ်ဦးချင်းအားဖြင့် ကိုယ်တော်ကို သိရှိသောကြောင့်ဖြစ်သည်။

ကျွန်ုပ်သည် အချိန်တိုင်း ကိုယ်တော်နှင့်စကားပြောသည်။ ကိုယ်တော်သည် ကျွန်ုပ်အား စကားပြောသည့်သူသည် မိမိအလိုရှိရာကို သိရှိစေရန်အလို့ငှာ ကျမ်းစာကို ရေးသားဖော်ပြသည်။ သူအလိုရှိသောအရာကို သိရှိရန်ဖြစ်သည်။ ဤအရာကား အံ့သြဖွယ်ရာ ကောင်းသော

အကြောင်းအရာဖြစ်ပါသည်။ သင်သည် ပိတ်ထားသော သမ္မာကျမ်းစာကို ရှိလျှင် ကျမ်းပိုဒ်များ ရှာဖွေချင်မည်မဟုတ်ပေ။ မပိတ်ထားလျှင် သင်သည် ဖတ်ရှုပြီး စစ်ဆေးလေ့လာမှတ်သားလောက်သော အရာများမှ အနည်းငယ်အကြောင်းကို သင့်အား ဝေချင်ပါသည်။ ဤအရာမှာ သမ္မာကျမ်းစာတော်မြတ်မှ သိရှိသော အရာဖြစ်သည်။ သင်သည် ၎င်းတို့ကို အင်အားကြီးစွာ တွေ့မြင်မည့်အကြောင်း မျှော်လင့်ထားပါသည်။ ဤအရာသည် တန်ခိုးကြီးသော အရာကဲ့သို့လည်းကောင်း၊ ဘဝအတွက် အရေးကြီးသောအရာဖြစ်ကြောင်း မျှော်လင့်ထားပါသည်။

## God Creates
## ဘုရားသခင်ဖန်ဆင်းထားသည်

သမ္မာကျမ်းစာကို " အစဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို ၎င်းဖန်ဆင်းတော်မူ၏ " ဟူသော စကားဖြင့် အစပြုထားပါသည်။[၄] ကျွန်ုပ်သည် နားမလည်ပေ။ အစမပြုမီဟူသည့် အတွေးအမြင်ကို ကျွန်ုပ်သည် နားလည်ခြင်းမရှိပေ။ ကျွန်ုပ်သိသောအရာမှာ ဤနက္ခတ်သာဖြစ်ပြီး အိမ်တော်ဟု ခေါ်ဆိုသည်။ အထက်၌ရှိသော ကောင်းကင်သည် အစတွင် ရှိခဲ့သည်။ ကြယ်များ၊ အပင်များ၊ ငှက်များမှ ပျားများအထိ ဘုရားသခင်၏ စိတ်တော်၌ အစပြုကြပြီး ဘုရားသခင်၏ အမိန့်တော်အားဖြင့် ရှိလာရန် အမိန့်ပေးခဲ့သည်။ လူများအပါအဝင် မိန်းမနှင့် ယောကျ်ားတို့ကို ဖန်ဆင်းခဲ့သည်။[၅] ဘုရားသခင်သည် မိမိဖန်ဆင်းထားသော အရာများသည် အလွန်ကောင်းသည်ဟု ကြော်ငြာခဲ့သည်။[၆]

ထို့ကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဖန်ဆင်းထားသည်။ မှန်ပါသည်။ ၎င်းသည် တယူသန်ဖြစ်ပြီး တွေးခေါ်သည့်နောက်ဆုံး၌ လူသားရေးသားသော အရာ ဖြစ်လာရန် အသေးဆုံးသောအရာများ တိုက်မိခြင်း အခြေခံယူဆချက် အတွဲဖြစ်သည်။ လူသည် ဤအရာဖတ်ရှုသည်။ လုံးဝအံ့အားသင့်စေသော အရာဖြစ်သည်။ သင်သည် မတွေးခေါ်ဘဲရှိနေသလား။ ထို့အပြင် အသေးဆုံးသောအရာသည် တစ်နည်းနည်းဖြင့် ဖြစ်လာခဲ့ပါသည်။ ကျွန်ုပ်အတွက်ဆိုရင် ကျွန်ုပ်နားလည်သည့်အတိုင်းသွားသည်။ ကျွန်ုပ်သည် ကြောက်ရွံ့စွာဖြင့်လည်းကောင်း၊ အံ့သြမှုဖြင့်လည်းကောင်း ဆောင်ရွက် ခဲ့သည်။[၇]

1 © 2006, Stave Curtis. Distributed by Evangelical Reformed Fellowship [ WWW. Evangelical Reformed Fellowship.org ] All the Scripture references are taken from the New King James Version, © 1982, Thomas Nelson,tnc.

၂ ရောမ ၁ း ၂၀

၃ ဒေသနာ ၃ း ၁၁ , cf . ဆာလံ ၁၉ း ၁

၄ ကမ္ဘာ ၁ း ၁

၅ ကမ္ဘာ ၁ း ၂၇

၆ ကမ္ဘာ ၁ း ၃၁

၇ ဆာလံ ၁၃၉ း ၁၄ - ၁၆

## Sin Corrupts
## အပြစ်သည်ယိုယွင်းပျက်စီးသည်

နှုတ်ကပတ်တော်တည်းဟူသော ဘုရားသခင်၏ စကားတော်သည် ဘုရားသခင် သန့်ရှင်းတော်မူသည့်အကြောင်း ကျွန်ုပ်တို့အား ပြောပြသည်။[၈] သူသည် မနာလိုသူ ဖြစ်သည်။[၉] သူသည် သူ့အုပ်ချုပ်ပုံကို ဆောင်ရွက်သည်။[၁၀] ဟုတ်ပါသည်။ သူသည် မှန်ကန်သည်။ သူသည် ဘုရားသခင်ဖြစ်သည်။ သူသည် ကျွန်ုပ်တို့ကို ဖန်ဆင်းပြီး ကျွန်ုပ်တို့အသက်တာအတွက် ကြော်ငြာချက်လုပ်ဆောင်သည်။ မည်သို့ပင်ဖြစ်စေ၊ သူသည် လုံးဝကောင်းသည်။[၁၁] သူသည် ပုံမှန်အတိုင်းဖြစ်သည်။[၁၂] သူ၏ စည်းကမ်းချက်များနှင့် ဥပဒေများသည် လုံးဝပြည့်စုံသည်။ ထိုအရာသည် ကျွန်ုပ်တို့အတွက် အလွန်ကောင်း သည်။ တစ်ဖက်တွင် သူ၏စည်းကမ်းချက်နှင့် ဥပဒေများသည် ပျက်စီးပြီးသောအခါ တရားမျှတမှု လိုအပ်သည်။ ထိုအရာသည် ကျွန်ုပ်တို့အတွက် အလွန်ဆိုးယွမ်းသော အရာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သင်သိသည့်အတိုင်း ကိုယ်တော်၏ နည်းဥပဒေကို ချိုးဖောက်ခဲ့ကြသည်။ ကျွန်ုပ်တို့အားလုံးသည် ထိုအရာအားလုံးကို ချိုးဖောက်ခဲ့ကြသည်။[၁၃] သင်သည် ကိုယ်တော်၏ ဥပဒေအချို့ကို ကြားရကြပြီ၊ ၎င်းတို့မှာ မသတ်နှင့်၊ မခိုးနှင့်၊ အခြားသောအရာများကား အဘယ်နည်း။ သူ၏ နာမကို အားလုံး သုံးစားခြင်းမပြုရ။[၁၄] ကျွန်ုပ်တို့သည် ထိုအဆင့်အတန်းကို မရရှိခဲ့ဘဲ ကျူးလွန်ကြသည်။ ကိုယ်တော်၌ အပြစ်ဒဏ်ပေးရန်ရှိသည်။ သေခြင်းတရားဖြစ်သည်။[၁၅]

ပထမလူအာဒံ သည် ဘုရားသခင်၏ ပညတ်ချက်ကို ကျူးလွန်ခဲ့သည်။[၁၆] ဘုရားသခင်သည် သူ့အား ကွပ်မျက်သည်။ အာဒံသည် သေဆုံးခဲ့သည်။ ဘုရားသခင်နှင့် ပျော်ရွှင်ရန်ဖြစ်သော်လည်း သူ၏ဝိညဉ်အရာ၌ သေခဲ့သည်။[၁၇] နောက်ဆုံး၌ သူ၏ ခန္ဓာကိုယ်သေဆုံးပြီး မြေသို့ ပြန်သွားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အာဒံသည် ဘုရားသခင်၏ ပညတ်ချက်ကို ချိုးဖောက်ခဲ့သည်။ ထိုအရာသည် အပြစ်ကျူးလွန်ခြင်း ဖြစ်သည်။ အာဒံကြောင့် လူတိုင်းသည် ထိုအပြစ်ကို ရရှိပြီး ဝိညာဉ်ရေးရာ သေခြင်းကို ခံစားကြသည်။

တစ်ယောက်သောသူ၏ ကျူးလွန်ခြင်း၊ သေခြင်းကြောင့် တစ်ယောက်အားဖြင့် အုပ်စိုးသည်။ တစ်ယောက်သောသူ၏ ကျူးလွန်ခြင်းကြောင့် တရားစီရင်ခြင်းသည် လူတိုင်းထံသို့ ရောက်လာသည်။ တစ်ယောက်သောသူ၏ နာမခံမှုကြောင့် လူများစွာတို့သည် အပြစ်သား ဖြစ်လာကြသည်။[၁၈]

ကောင်းပြီ။ အဘယ်ကြောင့်နည်း။ အမြင်တစ်ခုအားဖြင့် ကျွန်ုပ်တို့ အားလုံးသည် အပြစ်ရှိကြသည်။[၁၉] အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် အာဒံ၌ ရှိကြသော သူဖြစ်ကြသည်။ မျက်စိအားဖြင့်လည်းကောင်း၊ ပင်ကိုယ်စရိုက်အားဖြင့် လည်းကောင်း၊ အမိသော်လည်းကောင်း၊ အဖသော်လည်းကောင်း၊ စရိုက်ကို ဆက်ခံကြသည်။ ထိုနည်းတူ အပြစ်သားသဘာဝသည် အပြစ်မရှိသော သူကို ကူးစက်သည်။[၂၀]

အခြားအမြင်အားဖြင့် ဆိုရလျှင် ဘုရားသခင်သည် အာဒံကို စမ်းသပ်၍ လူသားအားလုံး၏ ကိုယ်စားအဖြစ် စစ်ဆေးစမ်းသပ်သည်။ အာဒံသည် စမ်းသပ်မှု၌ ကျရှုံးသည်။ ထိုအရာသည် လူတိုင်းအတွက် ပျက်စီးကြောင်း ပြောဆိုသကဲ့သို့ ဖြစ်သည်။ ၎င်းသည် မသင့်လျော်ပေ။ သို့သော် ဘုရားသခင်၏ အမှုကိစ္စဟူသည်မှာ မိမိစည်းကမ်း ချက်များကို ပြုလုပ်ရန် တာဝန်ဖြစ်သည်။ ဤအရာကား သေချာမျှတပြီး သင့်လျော်သော အရာဖြစ်သည်။[၂၁]

နောက်ဆုံးအနေဖြင့် ကျွန်ုပ်တို့အားလုံး၌ အပြစ်ရှိကြသည်။ ကျွန်ုပ်တို့သည် အပြစ်သားများ ဖြစ်ကြသောကြောင့် ဖြစ်သည်။[၂၂] အချိန်တိုင်းလုပ်သမျှ၊ ထင်မြင်သမျှ တို့သည် အပြစ်ရှိသည်။[၂၃] ကျွန်ုပ်တို့သည် ဘုရားသခင်၏ ပညတ်ချက်များကို ချိုးဖောက်ကြသည်။ ထိုပညတ်ချက်များကို ကျွန်ုပ်တို့၏ နှလုံးသားထဲ၌ ရေးထားလျှက် ရှိသည်။ အခြားနည်းဖြင့်ဆိုရလျှင် ကောင်းမကောင်းကို သိသောစိတ်ဖြစ်သည်။[၂၄] ထို့ကြောင့် ကျွန်ုပ်တို့၌ အပြစ်ရှိပြီး ဘုရားသခင်ထုတ်ပြန်ထားသော ဒဏ်ပေးခြင်း၊ စီရင်ခြင်း အောက်တွင် ရှိကြသည်။ အပြစ်သည် ကျွန်ုပ်တို့အား ပျက်စီးယိုယွင်းစေသည်။ အစတွင် ဖန်ဆင်းခြင်းသည် အလွန်ကောင်းရာ၊ အပြစ်ကြောင့် ဆိုးသွင်းမှု ဖြစ်လာသည်။

| | | |
|---|---|---|
| ၈ | ဝတ်ပြု | ၁၉ း ၂ |
| ၉ | ထွက် | ၂၀ း ၅ |
| ၁၀ | ထွက် | ၂၄ း ၁၂ |
| ၁၁ | နာဟုံ | ၁ း ၇ |
| ၁၂ | ယာကုပ် | ၁ း ၁၇ |
| ၁၃ | ရောမ | ၃ း ၂၃ |
| ၁၄ | ထွက် | ၂၀ း ၁ - ၁၇ |
| ၁၅ | ရောမ | ၆ း ၂၃ |
| ၁၆ | ကမ္ဘာ | ၃ း ၁၁ - ၁၂ |
| ၁၇ | ကမ္ဘာ | ၂ း ၁၇ , cf . ကောလောသဲ ၂ း ၁၃ |
| ၁၈ | ရောမ | ၅ း ၁၇ - ၁၉ |
| ၁၉ | ၁ကော | ၁၅ း ၂၂ |
| ၂၀ | ဆာလံ | ၅၁ း ၅ |
| ၂၁ | ကမ္ဘာ | ၁၈ း ၂၅ |
| ၂၂ | ယေရမိ | ၁၇ း ၉ ; cf . ရောမ ၁ း ၁၀ - ၁၈ |
| ၂၃ | မဿဲ | ၅ း ၂၂ , ၂၈ ; cf ကမ္ဘာ ၆ း ၅ |
| ၂၄ | ရောမ | ၂ း ၁၅ |

## Justice Condemns

## ဥပဒေသည် အပြစ်ဒဏ်ချမှတ်သည်

သမ္မာကျမ်းစာတွင် ရည်ရွယ်ချက်တစ်ခုတည်းရှိလျှင် ထိုအရာကား လောကတွင် ရှိသော ဤအသက်တာပင်ဖြစ်ပြီး အမှန်တစ်ကယ်ချက်ချင်းမြင်ရသော အရာဖြစ်သည်။ အမှန်အားဖြင့် အမှန်တည်ရှိမှုကား ကျွန်ုပ်တို့သိမြင်ခြင်းထက်ပို၍ ကျယ်ပြန့်စွာ ဆန့်ထုတ်မှုရှိသည်။ အမြင့်ဆုံးသောအချက်ဖြင့် ဆိုရလျှင် နယ်ပယ်ရှိသည်။ အတိုင်း အတာရှိသည်။ ထိုအကြောင်းအရာကို ကျွန်ုပ်တို့၏ ခန္ဓာပိုင်းဆိုင်ရာ သိရှိမှုများဖြင့် နားလည် နိုင်မည်မဟုတ်ပေ။[၂၅] ကျွန်ုပ်တို့၏ ပတ်လည်တွင် ဝိညဉ်ရေးရာ ရုပ်လောက ရှိသည်။[၂၆] ကျွန်ုပ်တို့၏ အထဲ၌ ပင်လယ်ရှိသည်။ ထိုအရာကား

ရုပ်လောကကို ဆိုလိုခြင်း မဟုတ်ပေ။ ၎င်း၏ တန်ဖိုးအပြင် အံ့ဩဖွယ်ရာ ရှိသည်။ သမ္မာကျမ်းစာသည် အသုံးစွန်အားဖြင့် အမှန်တစ်ကယ်တည်ရှိမှုကို အလေးအနက် ဖော်ပြထားသည်။[၂၇]

သို့သော်၊ ထိုအရာသည် အဘယ်ကြောင့်ဆိုသော်၊ ကျွန်ုပ်တို့သည် ထာဝရနှင့် ဆိုင်ရသော သူများဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ ရှေ့တော်၌ အပြစ်သားအဖြစ် ရပ်တည်နေကြသည်။

ကျွန်ုပ်သည် အမှန်တစ်ကယ်တည်ရှိမှု ကျွန်ုပ်တို့၏ အတွေးအမြင်ထက် ကျော်လွန်၍ ဆန့်ထုတ်သည်။ ကမ္ဘာဦးအစတွင် ဘုရားသခင်ရှိသည်။ သူသည် ထာဝရ တည်ရှိပြီး အဆုံးမရှိပေ။ သမ္မာကျမ်းစာသည် အံ့ဩဖွယ်ရာအားဖြင့် ထုတ်ဖော်သည်မှာ ကျွန်ုပ်တို့သည် မွေးသည့်အချိန်မှစ၍ ထာဝရတိုင်အောင် တည်ရှိကြမည့်အကြောင်း ဖော်ပြထားသည်။ ကျွန်ုပ်တို့၏ တည်ရှိမှုကို ရပ်စဲကြမည်မဟုတ်ပေ။[၂၈]

ကျွန်ုပ်တို့သည် ထာဝရကာလအားလုံးအတွက် ဘုရားသခင်၏ အမျက်တော် အောက်တွင် ရှိကြသည်။ ကျွန်ုပ်တို့ စိတ်ဆန္ဒအတွက်မူ ကြောက်စရာကောင်းသော အရာ၊ ပြင်းထန်သော အရာဖြစ်သည်။ ကျွန်ုပ်တို့၏ အမြင်ရှုထောင့်သည် နှစ်ဦးအားဖြင့် မှားယွင်းလျှက်ရှိသည်။ ပထမဦးစွာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အဆင့်အတန်းအရ ဘုရားသခင်ကို တရားစီရင်လိုကြသည်။ ဤအရာသည် ကျွန်ုပ်တို့ အပြစ်ရှိမှုကို ဖော်ပြထားသည်။ ကျွန်ုပ်တို့သည် ထိုအာဏာတန်ခိုးကို ပိုင်ဆိုင်ထားကြောင်း အမှန်တစ်ကယ် ကျွန်ုပ်တို့ ယုံကြည်ကြသည်။ ဘုရားသခင်အားဖြင့် ထိုအာဏာတန်ခိုးကို အပ်နှင်းခြင်းခံကြသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် အမှန်အားဖြင့် မည်သည့်တန်ခိုးအာဏာစက်အောက်တွင် မရှိဘဲ မိမိဖြောင့်မတ်ခြင်းတရားသာ မိမိတွင် ရှိသည်။

ဒုတိယအချက်အားဖြင့်၊ ကျွန်ုပ်တို့သည် အပြစ်တရားနှင့် သန့်ရှင်းခြင်းအကြား ကျယ်ပြန့်မှုကို နားလည်သဘောပေါက်ကြရန် ပျက်ကွက်ကြသည်။ ဘုရားသခင်သည် လုံးဝသန့်ရှင်းသည်။ အဓိပ္ပါယ်ဖွင့်ဆိုလျှင် အပြစ်သည် သန့်ရှင်းမှုမရှိသော အရာဖြစ်သည်။ ရိုးရိုးအားဖြင့်ပြုရလျှင် အပြစ်ဟူသည်မှာ ဘုရားသခင်အား ရွံရှာစရာ ဖြစ်စေသည်။ သန့်ရှင်းသော ဘုရားသခင်သည် အပြစ်ရှိသော သတ္တဝါနှင့် ဆက်နွယ်သည်။ အဓိပ္ပါယ် ရှိစွာ တစ်စုံတစ်ဦးနှင့် ဆက်နွယ်မှုသည် ခန္ဓာပိုင်းဆိုင်ရာ ရွံစရာကောင်းသည့်အရာ ဖြစ်သည်။[၂၉]

အမှန်အားဖြင့် သဘာဝကျကျဖော်ပြရလျှင် ကျွန်ုပ်တို့သည် အမျက်တော်၏ သားသမီး များဖြစ်ကြသည်။[၃၀] အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ပညတ်ချက်ကို ချိုးဖောက်ခဲ့ကြသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ရန်သူအဖြစ် ခေါ်ခြင်း ခံရကြသည်။[၃၁] ဘုရားသခင်၏ တရားစီရင်မှုသည် ပြစ်ဒဏ်ချမှတ်မှုအဖြစ် ရောက်ရှိ စေသည်။[၃၂] အပြစ်ဟူသည့် စကြာဝဠာကို အစိုးရသော ဘုရားသခင်ကို ဆန့်ကျင်ခြင်းထက် မည်သည့်အရာ မရှိပါ။ ကျွန်ုပ်တို့သည် စီရင်ချက်ကို မဖြေရှင်း နိုင်သောကြောင့် ကိုယ်တော်၏ အမျက်တော်အောက်တွင် ထာဝရအသက်ကို ရရှိရေးအတွက် ဖြောင့်မတ်စွာ တရားစီရင်မှု ခံကြသည်။[၃၃]

ယေရှု ခရစ်တော်ကို မကြခဏ သူ၏ ကြင်နာသနားမှုအားဖြင့် ဖော်ပြထားသည်။ ယေရှု၏ မေတ္တာ၊ ဂရုဏာ၊ သူ၏ နူးညံ့သိမ်မွေ့သော ကြင်နာသနားမှု တို့ကိုလည်း ဖော်ပြထားသည်။[၃၄] ယေရှုခရစ်ကိုယ်တိုင်က အကြိမ်ပေါင်းများစွာ အပြစ်အတွက် ဒဏ်စီရင်ခြင်းနှင့် ငရဲပြည်အကြောင်းကို ဟောပြောသည်။[၃၅] သူသည် ထာဝရကာလအတွက် တည်မြဲမှုကို ပြောပြသည်။[၃၆] ရှင်ပေါလုကလည်း

ဤအကြောင်း အရာကို ရှင်းလင်းစွာ ဖော်ပြထားသည်။[၂၇] ထို့ကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့အား ကောင်းမွန်စွာ ဖန်ဆင်းထားခဲ့သည်။ ကျွန်ုပ်တို့၏ အပြစ်များကြောင့် ကျွန်ုပ်တို့အား ဆိုးသွင်းစေသည်။ သန့်ရှင်းတော်မူသော ဘုရားသခင်၏ ဖြောင့်မတ်ခြင်းဖြစ်သည့် တရားစီရင်မှုသည် ထိုအရာကို တောင်းဆိုသည်။ အပြစ်သားဖြစ်သည့်နည်းတူ ကျွန်ုပ်တို့သည် ဝိညဉ်ရေးရာသေခြင်း၊ ခန္ဓာပိုင်းဆိုင်ရာသေခြင်းတို့ကို ခံစားကြပြီး ထာဝရ အတွက်ဟူမူကား ဘုရားသခင်၏ အမျက်တော်အောက်တွင် ရှိသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ပြစ်မှားကြသည်။

| | | |
|---|---|---|
| ၂၅ | ၁ကော | ၁၃ း ၁၂ |
| ၂၆ | ဖေက် | ၆ း ၁၂ |
| ၂၇ | ကောလောသဲ | ၃ း ၃ ; cf . ဓမ္မရာဇဝင်တတိယစောင် ၆ း ၁၅ - ၁၇ |
| ၂၈ | ယောဟန် | ၁၁ း ၂၆ |
| ၂၉ | ၂ကော | ၆ း ၁၄ - ၁၅ |
| ၃၀ | ဖေက် | ၂ း ၃ |
| ၃၁ | ရောမ | ၅ း ၁၀ ; cf. ယာကုပ် ၄ း ၄ |
| ၃၂ | ရောမ | ၄ း ၁၅ |
| ၃၃ | ဖေက် | ၅ း ၆ ; cf. ယောဟန် ၃ း ၃၆ |
| ၃၄ | သိုးသူငယ်၏ အမျက်တော်ကိုးကွယ်ကာ၍ (ဗျာဒိတ် ၆ း ၁၆) | |
| ၃၅ | မဿဲ | ၅ း ၂၉ ; ၁၁း၂၃ ; မာကု ၉း၄၃; ၄၅; ၅၇; လုကာ ၁၂း၅; မဿဲ ၂၅း၃၁-၄၆ |
| ၃၆ | မာကု | ၉ း ၄၈ |
| ၃၇ | ၂သက် | ၁ း ၈ , ၉ |

## ခမည်းတော်ဘုရားသည်ရွေးချယ်တော်မူ၏
## ( The Father Chooses )

မည်သည့်အရာကို ရွေးချယ်ပါသနည်း။ ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်ရှေ့တော်၌ ရပ်တည်ကြမည့်အကြောင်း သိရှိနားလည်ကြသည်။[၃၈] သူသည် ရိုးရိုးလုပ်ဆောင်ပြီး လူသားအားလုံးသည် ငရဲတွင်းများထဲသို့ ဝင်ရောက်စေသည်။ သူသည် မိမိ၏ ဖြောင့်မတ်ခြင်းအပေါ်တွင် သစ္စာရှိပြီး အသက်ရှင်သောသူများကို ကျန်ရစ်စေသည်။ သူသည် ဘုရားဖြစ်ပြီး နည်းဥပဒေများကို ပြဋ္ဌာန်းဆောင်ရွက်သည်။ ကျွန်ုပ်တို့သည် ထိုနည်းဥပဒေများကို ချိုးဖောက်ခဲ့ကြသည်။ သူသည် ကျွန်ုပ်တို့၏ ကိုယ်ပိုင်ဖျက်ဆီးမှု ဖြင့် ကြားဝင်၍ ဆောင်ရွက်ခြင်း မရှိနိုင်ကြပေ။

မည်သို့ပင်ဖြစ်စေ၊ ထာဝရတွန်းအားရှိပါသည်။ တစ်နည်းအားဖြင့် ဘုရားသခင်၏ ကိုယ်အင်္ဂါဖြစ်သည်။ ထိုအရာသည် မိမိကိုယ်ကို ထင်ရှားပြသသည့် ဘုရားသခင်၏ ရာဇပလ္လင်တော်ကို ကောင်းကင်တမန်များပင်လျှင် ဝိုင်းရံထားကြသည်။ သူတို့သည် ဤအကြောင်းအရာကို နားလည် သိရှိကြသည်။[၃၉] ၎င်းကို ကျေးဇူးတော်ဟု ခေါ်သည်။ သူ၏ ထာဝရအကြံအစည်တော်ထဲတွင်

လည်းကောင်း၊ ထာဝရအမိန့်စီရင်ချက်များအား ဖြင့်လည်းကောင်း၊ မိတ်သဟာယဖွဲ့ရန်လိုလားသော ဆန္ဒတော်တမူဖြင့် ရေတွက်၍ မရနိုင်သောလူများကို ကယ်တင်ရန် ဘုရားသခင်က ရွေးချယ်သည်။ အမှန်အားဖြင့် လည်းကောင်း၊ ထိုက်တန်သောအမျက်တော်မှ ကယ်တင်ရန် ဘုရားသခင်သည် အမိန့်စီရင်ချက် ချမှတ်သည်။[၄၀]

သူသည် ကမ္ဘာမတည်ရှိမီ မိမိ၏ အလိုတော်နှင့်အညီ မိမိ၏ဘုန်းတော်ကို ထင်ရှားစေရန်အလို့ငှာ ကျွန်ုပ်တို့ကို ရွေးချယ်သည်။[၄၁]

ဤရွေးချယ်မှုသည် ဘုရားသခင်၏ စိတ်တော်၌ အစပြုသည်။ သူသည် မည်သည့်အရာအပေါ်တွင်မျှ အခြေပြုခြင်းမရှိဘဲ မိမိအလိုတော်အတိုင်း ရွေးချယ်သည်။ ကျွန်ုပ်တို့သိမြင်နားလည်သည့်အတိုင်း ကျွန်ုပ်တို့၌ ကုသိုလ်ကောင်းမှု မရှိပေ။ လူတိုင်းသည် ဘုရားသခင်၏ ရှေ့တော်၌ အပြစ်အားဖြင့် ရပ်တည်ကြပြီး ပြစ်ဒဏ်စီရင်ခြင်းကို ခံရသော သူများဖြစ်သည် ရောမသြဝါဒစာတွင် ဘုရားသခင်၏ရွေးချယ်မှု စံနမူနာကို ကျွန်ုပ်တို့ ဖတ်ရှုရပါသည်။ ၎င်းတွင် ရှင်ပေါလုသည် မွေးဖွားခြင်းမတိုင်မီ ညီအစ်ကိုတစ်ဦးအား ဘုရားသခင်သည် မည်သို့ ရွေးချယ်ကြောင်း ဆွေးနွေးတင်ပြသည်။

ဘုရားသခင်ရွေးကောက်တော်မူခြင်းနှင့် ယှဉ်သော အကြံတော်သည် အကျင့်အားဖြင့် မတည်၊ ခေါ်တော်မူသောသူ၏ အလိုတော်အားဖြင့် တည်မည်အကြောင်း၊ သားမဖွားမီ ထိုသားတို့သည် ကောင်းသောအကျင့်၊ မကောင်းသောအကျင့်ကို မကျင့်မီ သားကြီးသည် သားအငယ်၌ ကျွန်ခံရလိမ့်မည်ဟု ထိုမိန်းမအား ဗျာဒိတ်ပေး တော်မူ၏။[၄၂]

ဘုရားသခင်သည် အချို့သောသူတို့ကို ရွေးချယ်ကြောင်း ဘုရားသခင်၏ အကြံတော်ကို နောက်သို့ဆုတ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ၊ ဤထင်မြင်ချက်ကို စဉ်းစားချိန်တွင် ဤအကြောင်းအရာသည် အရေးကြီးသည်။ သတိရမည့်အရာမှာ အဘယ်သူမျှ တရားမျှတမှုမရှိဘဲ ပြစ်ဒဏ်စီရင်မှု မပြုပေ။ အသက်ရှင်လျှက် ရှိသော ဝိညဉ်တော်သည် ဘုရားသခင်၏အမျက်တော်ကို ထိုက်တန်ကြသည်။ ဘုရားသခင်၏ အမျက်တော်ကို လူတိုင်း ထိုက်တန်သည်။ ကျေးဇူးတော်သည် ထိုက်တန်ပြီး ဆုလာဒ်တစ်ခု ဖြစ်သည်။[၄၃] ရှင်ပေါလုသည် ဤရွေးချယ်မှုကို ဘုရားသခင်၏ ဘုန်းတော်နှင့် ဘုရားသခင်၏ အချုပ်အခြာဖြစ်ကြောင်း ဆက်လက်၍ ရှင်းပြထားသည်။

ထိုသို့နှင့်အညီ ကျေးဇူးပြုလိုသောသူကို ကျေးဇူးပြုတော်မူ၏။ ခိုင်မာစေလိုသော သူကိုလည်း ခိုင်မာစေတော်မူ၏။ သို့ဖြစ်လျှင် ဘုရားသခင်သည် အပြစ်တင်တော် မူသေးသနည်း။ အဘယ်သူသည် အလိုတော်ကို တားဆီးဘူးသနည်းဟု ဆိုမည်လော။ ဘုရားသခင်ကို ငြင်းဆန်သောအချင်းလူ၊ သင်သည်ကား အဘယ်သူနည်း။ လိုအပ်သော အရာသည် လုပ်တတ်သောသူအား အဘယ်ကြောင့်ငါ့ကို ဤကဲ့သို့သနည်းဟု ဆိုရမည်လော။ အိုးထိန်းသမားသည် အိုးမြေကိုပိုင်သည်မဟုတ်လော။ အိုးမြေတပုံတည်းနှင့် အိုးမြတ်၊ အိုးယုတ်ကို လုပ်ပိုင်သည်မဟုတ်လော။ ဘုရားသည် မိမိအမျက်တော်ကို ပြ၍ တန်ခိုးတော်ကို ထင်ရှားစေခြင်းငှာ အလိုတော်ရှိလျှက် ပျက်စီးခြင်းအဖို့ပြင်ဆင်သော အမျက်ခံရာအိုးများတို့ကို အလွန်သည်းခံခြင်း ခန္တီနှင့် သည်းခံတော်မူသည် မှန်လျှင် အဘယ်ပြောဘွယ်ရှိအံ့နည်း။ ချီးမြှောက်ခြင်းအဘို့ ပြင်ဆင်တော်မူနှင့်သော ဂရုဏာခံရာ အိုးများတည်းဟူသော ယုဒအမျိုးသားတို့ အထဲမှသာမဟုတ်။[၄၄]

အဘယ်သို့သော သူတို့ကို ဘုရားသခင်မရွေးချယ်ဘဲရှိသနည်း။ ကျွန်ုပ်တို့သည်

ဘုရားသခင်၏စိတ်တော်ကို လုံးဝနားလည်မှုမရှိလျှင် အနည်းငယ်သော အရာများကိုသာ သိကြလိမ့်မည်။ ယေရှုထံသို့လာသောသူများအားလုံးသည် ကယ်တင်ခြင်းသို့ ရောက်ကြမည်။[၄၅] ခမည်းတော်ဘုရားသည် သူ့အားယုံကြည်ရန်ဖြစ်စေသောသူတို့ကို အထံတော်သို့လာကြသည်။[၄၆] ဘုရားသခင်၏ ရွေးချယ်မှုမရရှိသော သူတို့သည် ခရစ်တော်ကို မယုံကြည်ကြပေ။ သူတို့သည် ဝိညာဉ်ရေး၌ သေသောသူများ ဖြစ်ကြပြီး ဘုရားသခင်၏ ဖြောင့်မတ်ခြင်းအတွက် စစ်မှန်သည့်လိုချင်မှု မရှိကြပေ။ သူတို့သည် မိမိတို့၏ အပြစ်တည်ရှိမှုကို အားရကျေနပ်ပြီး အခြားသူများ၏ အပြစ်ရှိမှုကို အားရကျေနပ်ကြသည်။[၄၇] အမှန်အားဖြင့် ၎င်းတို့၏ နှလုံးသားများထဲတွင် ဘုရားသခင်၏ အကြောင်းအရာ များကို မုန်းတီးရွံရှာကြပြီး ယုံကြည်လက်ခံသော သူတို့ကိုလည်း မုန်းတီးရွံရှာ ကြသည်။[၄၈]

ကယ်တင်ခြင်းသည် ဘုရားသခင်၏ ရွေးချယ်မှု လူ၏ရွေးချယ်မှု မဟုတ်သောကြောင့် ကျွန်ုပ်တို့ကို ငရဲတွင်းမှ ကယ်တင်သည်။ ကျွန်ုပ်တို့အတွက် ဝါကြွားစရာ အခန်းတစ်ခုမျှ မရှိပေ။[၄၉] ကျွန်ုပ်တို့သည် ငရဲကို ထိုက်တန်ကြသည်။ ဂရုဏာကိုကား မထိုက်တန်ကြပေ။ ထို့ကြောင့် ဘုရား၏ ဘုန်းတော်နှင့် ဂုဏ်ပြုလေးစားမှုအလုံးစုံတို့သည် ဘုရားသခင်ထံမှ လာသောအရာများ ဖြစ်ကြသည်။

ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ်အလို အလျောက်ရောက်သည်မဟုတ်။ ဘုရားသခင်သနားတော်မူရာ ဖြစ်သတည်း။ ကိုယ့်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာ အခွင့်မရှိ။[၅၀]

ခမည်းတော်သည် သွေးဆောင်တော်မမူလျှင် အဘယ်သူမျှ ကိုယ်တော်ထံသို့ မရောက်နိုင်ဟု ယေရှုကိုယ်တိုင် ပြောခဲ့သည်။[၅၁] နေရာများစွာတွင် ဤအံ့ဩဖွယ်ရာ သမ္မာတရားအကြောင်းကို သမ္မာကျမ်းစာက ထုတ်ဖော်ကြေငြာသည်။[၅၂]

ကယ်တင်ခြင်းသည် ဘုရားသခင်၏အလုပ်လုံးဝဖြစ်ကြောင်း၊ အံ့ဩစရာ မလိုအပ်ပေ။[၅၃] အပြစ်ကြောင့် ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာ၌ သေသောသူများ ဖြစ်ကြောင်း သိမြင်ရသည်။[၅၄] သေသောသူသည် ကယ်တင်သောသူထံသို့ မရောက်နိုင်သည့်အပြင် အကူအညီလည်း မရရှိနိုင်ပေ။ သေသောသူများဖြစ်သောကြောင့် ဖြစ်သည်။ ဘုရားသခင်၏ အံ့ဩဖွယ်လုပ်ဆောင်မှုတစ်ခုအားဖြင့်သာ သေသောသူများကို အသက်ပြန်ရှင်စေရန် ပို့ဆောင်စေသည်။ ဘုရားသခင်မှ ရွေးချယ်သောသူတို့အတွက်သာ သူသည် ဆောင်ရွက်သည်။[၅၅]

၃၈ ယောဟန် ၃ ： ၁၈
၃၉ ၁ပေ ၁ ： ၁၂
၄၀ ရောမ ၅ ： ၉ ; ၁သက် ၁ ： ၁၀ ; ၅ ： ၉
၄၁ ဖေက် ၁ ： ၄ - ၅
၄၂ ရောမ ၉ ： ၁၁
၄၃ ရောမ ၄ ： ၄
၄၄ ရောမ ၉ ： ၁၈ - ၂၃
၄၅ တမန်တော် ၂ ： ၂၀

# သားတော်သည်သန့်ရှင်းစေသည်
# ( The Son Cleanses )

ခမည်းတော်ဘုရားသခင်သည် လူသားအားလုံးထဲမှ လူစုအဖွဲ့ကို ထာဝရကာလတွင် သူ့ကို ချီးမွမ်းခြင်းနှင့်အတူ ထာဝရပျော်မွေ့ရန် သီးသန့်ဖယ်ထားရန် လိုချင်တောင့်တမှုရှိကြောင်း ကျွန်ုပ်တို့ သိရှိနားလည်သည်။ သို့သော် ထူးခြားသော အတားအဆီးရှိသည်။ ဘုရားသခင်မပြုလုပ်နိုင်သောအရာ တစ်ခုရှိသည်။ သူသည် အပြစ်ကို မမြင်နိုင်ပေ။[၅၆] အပြစ်သားများနှင့်အတူ မိတ်သဟာယဖွဲ့သည်။ ကိုယ်တော်၏ တရားစီရင်မှုသည် အခမပေးနိုင်သော ကျွန်ုပ်တို့ကို အခပေးခြင်းဖြင့် အပြစ်ဒဏ်မှ လွတ်မြောက်စေသည်။ ကျွန်ုပ်တို့သည် သေသောသူများဖြစ်သောကြောင့် အဖိုးအခကို မပေးနိုင်ဘဲ ယေရှုခရစ်သည် အဖိုးအခကို ပေးသည်။ အမှန်အားဖြင့် ဆိုရလျှင် သူသည်သာလျှင် ထိုကဲ့သို့သော အဖိုးအခအတွက် ပေးနိုင်သည်။ ဤအရာကား သူသည် အမှန်တစ်ကယ် ဆောင်ရွက်သောအရာ ဖြစ်သည်။

ဖြောင့်မတ်ခြင်းတရားဖြင့် ကျန်ရစ်သောအခါ ဘုရားသခင်သည် ဖြောင့်မတ်စေသူ ဖြစ်လာခဲ့သည်။ မိမိလူတို့ကို ဖြောင့်မတ်စေသည်။[၅၇] လေးနက်သောနည်းလမ်းဖြင့် ဆိုရလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို စတင်၍ နားလည်နိုင်မှု မရှိပေ။[၅၈] ဘုရားသခင်၏ သိုးသူငယ်[၅၉]၊ ဘုရားသခင်၏ သားတော်တည်းဟူသော သူသည်[၆၀] လူ့ဇာတိကို ခံယူသည်။[၆၁] ဤအရာသည် ဘုရားသခင်အဖြစ် ဝင်စားပြီး ယေရှုခရစ်ဖြစ်လာ၍ အပြစ်မရှိဘဲ အသက်ရှင်ခဲ့သည်။ [၆၂] ဖြောင့်မတ်သော အသက်တာ ရှိခဲ့သည်။ ကျွန်ုပ်တို့၏ အပြစ်ကြောင့် ငြင်းပယ်ခဲ့ရသော ဘုရားသခင်အကြောင်းကို ယေရှုခရစ်တော်သည် လောကီသားများကို ပြသခဲ့သည်။[၆၃] သူသည် ဘုရားသခင် ပြုလုပ်နိုင်သောအရာဖြင့် အနာရောဂါကို ပပျောက်စေခြင်း၊ သွန်သင်ခြင်း၊ အံ့သြဖွယ်ရာ များကို ဆောင်ရွက်ခြင်း၊ အပြစ်များကို ခွင့်လွှတ်ခဲ့သည်။ ၎င်းနောက် သူသည် ကါးတိုင်ပေါ်တွင် ရာဇဝတ်အတွက် အသေသတ်ခံခဲ့ရသည်။ ထိုအရာသည် မိမိကျူးလွန်သော အရာမဟုတ်ပေ။ သူသည် အသေသတ်ခံခဲ့ရသည်။ ယေရှုခရစ်မသေမီ ကျွန်ုပ်တို့၏ အတိတ်ကာလ၊ လက်ရှိ၊ အနာဂတ် အကြွေးအတွက် ဘုရားသခင်သည် အမျက်တော်ကို ယေရှုခရစ်တော်အပေါ်၌ သွန်းလောင်းတော်မူသည်။ ထိုသို့ပြုလုပ်ရခြင်းမှာ မိမိ၏ ဂရုဏာနှင့် အကြံအစည်တော်အားဖြင့် မိမိရွေးချယ်ထားသော ပုဂ္ဂိုလ်များသည် ကယ်တင်ခြင်းသို့ ရောက်ရှိမည့်အကြောင်းပေသည်။ ဘယ်တော့အခါမှ ကျွန်ုပ်တို့ မပေးဆပ်နိုင်သော အဖိုးအခအတွက်လည်းကောင်း၊ ဘယ်တော့အခါမှ ကျွန်ုပ်တို့ မသယ်ပိုးနိုင်သော ဝန်ထုပ်ဝန်ပိုးအတွက် ယေရှုခရစ်တော်သည် ပေးဆပ်ပြီး သယ်ပိုးခဲ့သည်။

သူသည် ကျွန်ုပ်တို့ ကျူးလွန်သော အပြစ်ကြောင့် ဒဏ်ရာကို ရရှိခဲ့သည်။ သူသည် ကျွန်ုပ်တို့ ပြစ်မှားမှုအပြစ်ကြောင့် အတွင်းကြေနာဒဏ်ရာရ ရှိခဲ့သည်။ ကျွန်ုပ်တို့၏ ငြိမ်သက်ခြင်းအတွက် ပြင်းပြင်းထန်ထန် အပြစ်ပေးခြင်းကို ခံရခဲ့ရပြီး ကိုယ်တော်၏ ဒဏ်ရာများကြောင့် အနာရောဂါ ပျောက်ကင်းကြသူများဖြစ်ကြသည်။[၆၄]

သူသည် မိမိ၏ ဝိညာဉ်တော်ကို မစွန့်လွှတ်မီ အမှုပြီးစီးပြီဟု အော်ပြောခဲ့သည်။[၆၅] အဆုံးရောက်သော မေတ္တာဖြင့် ပေးဆပ်သောအရာသည် အဆုံးရောက်သော အဖိုးအခကြောင့်ဖြစ်သည်။ ထိုမေတ္တာကြောင့် အဆုံးရောက်သော ဆုကျေးဇူးဖြစ်သည့် ကယ်တင်ရှင်ကြောင့် ရရှိသော

ထာဝရအသက်ကို ထာဝရခံစားစေရန် အလို့ငှာ မထိုက်တန်သောသူများကို ရရှိစေသည်။ ထို့နောက် ရှင်ပြန်ထမြောက်ရာ နေ့တွင် ယေရှုကို နောက်လိုက်သောသူတို့သည် ဂူသင်္ချိုင်းတွင် အံ့ဩဖွယ်ရာ တွေ့မြင်ခဲ့ကြောင်းနှင့် ယေရှုခရစ်တော်သည် အသက်ရှင်ကြောင်း မြင်တွေ့ခဲ့ ကြသည်။[၆၆] သူသည် မိမိ၏ရည်ရွယ်ချက်ကို ပြည့်စုံစေခဲ့ကြောင်း၊ ခန္ဓာသေခြင်းအတွက် အဖိုးအခကို ပေးဆပ်ကြောင်း ကျွန်ုပ်တို့အား ပြသရန် ခမည်းတော်ထံသို့ ရောက်လာခဲ့ကြောင်း စသည်တို့ကို ဆောင်ရွက်ခဲ့သည်။ ကျွန်ုပ်တို့သည် အိပ်ပျော်ကြလိမ့်မည်။ သို့သော် ဘယ်သောအခါမျှ သေကြမည်မဟုတ်ပေ။[၆၇] ခမည်းတော်ဘုရားသည် လူများကို သီးသန့်ထားသည့်အတိုင်း သားတော်၏ အသွေးတော်ဖြင့် ဆေးကြောသန့်စင်စေသည့်အတိုင်း ကျွန်ုပ်တို့သည် ထာဝရအသက်ကို ရရှိကြသည်။[၆၈]

လက်ဝါးကပ်တိုင်ပေါ်တွင် ခရစ်တော်၏ အသေခံခြင်းသည် ပြေငြိမ်းမှုတစ်ခုသာ ဆောင်ရွက်သည်မဟုတ်။ ၎င်းသည် ပြည့်စုံပြီးမြောက်စေသည်။[၆၉] ကိုယ်တော်၏ ယစ်ပူဇော်မှုသည် ကယ်တင်ခြင်းကို ပေးရုံမက လုံခြုံစေသည်။[၇၀] ယေရှုခရစ်တော်သည် မိမိအသင်းတော်အတွက် အသေခံသည်။[၇၁] အထူးသဖြင့် အဘခမည်းတော်သည် ထာဝရ အသက်ရရှိရေးအတွက် ခွဲခန့်မှတ်သားခြင်းခံရသော ပုဂ္ဂိုလ်များအတွက် ဖြစ်သည်။[၇၂] ကျွန်ုပ်တို့သည် ဤအရာကို ယုံကြည်ရန် ဖိတ်ခေါ်ယုံမဟုတ်ပေ။ နောင်တတရားဖြင့် ယုံကြည်လက်ခံရန် အမိန့်ပေးသည်။[၇၃] ထိုကဲ့သို့သော ယုံကြည်ချက်သည် အမှန်အားဖြင့် သဘာဝမကျပေ။ မဖြစ်နိုင်သောအရာ ဖြစ်သည်၊ ခမည်းတော်သည် လူတိုင်းကို သေချာစေပြီး ကယ်တင်ခြင်းအတွက် ရွေးချယ်သည်။ ယုံကြည်မည့်သူကို ရွေးချယ်သည်။[၇၄] သူသည် တောင့်တ လိုချင်မှုနှင့် ယုံကြည်လာရန် စွမ်းအားကို ခွင့်ပြုသည်။[၇၅] သူသည် နောင်တနှလုံးသားနှင့် ယုံကြည်ခြင်းကို တောင်းဆိုသည်။[၇၆] အရာခပ်သိမ်းသည် ဘုရားသခင်ထံ၌ ရှိသည်။ အလုံးစုံသည် သူ့အားဖြင့်ဖြစ်ပြီး ပိုင်ဆိုင်ထားသည်။[၇၇]

| | | |
|---|---|---|
| ၄၆ | ယေဟာန် | ၆ း ၄၄ |
| ၄၇ | ရောမ | ၁ း ၂၈ - ၃၂ |
| ၄၈ | ၁ယောဟာန် | ၂ း ၁၅ - ၁၇ |
| ၄၉ | ၁ကော | ၁ း ၃၁ |
| ၅၀ | ဖေက် | ၂ း ၈ - ၉ |
| ၅၁ | ယောဟာန် | ၆ း ၄၄ |
| ၅၂ | တမန်တော် | ၁၃ း ၄၈ ; ဖေက် ၁ း ၃ - ၆ ; ယောဟာန် ၁၅ း ၁၆ ; ဗျာဒိတ် ၁၇ း ၈ ; ယောဟာန် ၆ း ၃၇ ; ၆၅ ; ရောမ ၉ း ၁၁ ; ၁၁ း ၅ ; ၇ ; ယောဟာန် ၁ း ၁၂ - ၁၃ ; ကောလောသဲ ၃ း ၁၂ ; တိတု ၁ း ၁ ; မဿဲ ၂၂ း ၁၄ , ၁ပေ ၁ း ၁ ; ၂ း ၉ ; ၅ း ၁၀ ; ၂တိ ၁ း ၉ ; ၂ း ၁၀ ; ၁သက် ၁ း ၄ ; မဿဲ ၂၄ း ၃၁ |
| ၅၃ | ရောမ | ၉ း ၁၆ ; ယောဟာန် ၁ း ၁၂ ; ၁၃ |
| ၅၄ | ဖေက် | ၂ း ၁ - ၅ ; ကောလော ၂ း ၁၃ |
| ၅၅ | ရောမ | ၄ း ၁၇ |
| ၅၆ | ဟာဗက္ကုတ် | ၁ း ၁၃ ; cf. ၁ပေ ၃ း ၁၂ |

| | | |
|---|---|---|
| ၅၇ | ရောမ | ၃ း ၂၆ |
| ၅၈ | ယောဟန် | ၁ း ၁ |
| ၅၉ | ယောဟန် | ၁ း ၂၉ |
| ၆၀ | ယောဟန် | ၆ း ၆၉ |
| ၆၁ | ယောဟန် | ၁ း ၁၄ |
| ၆၂ | ယောဇြ | ၄ း ၁၅ |
| ၆၃ | ယောဟန် | ၁၂ း ၄၄ - ၄၆ |

## ဝိညာဉ်တော်သည်ပြောင်းလဲစေသည်
## ( The Spirit Changes )

ခမည်းတော်သည် မိမိရွေးချယ်ထားသော သူများကို ကယ်တင်ခြင်းရရှိရန် အလိုတော်ရှိသည်။ သူ၏အလိုတော်သည် ဘယ်သောအခါမျှ အချည်းနှီးမဖြစ်ပေ။ ဘုရားသခင်သည် ဘယ်သောအခါမျှ ယုံကြည်ခြင်းနှင့် ပတ်သက်၍ အံ့ဩစရာ၊ ရှုပ်ထွေးစရာ၊ မှားယွင်းစရာမဟုတ်ပေ။ သူသည် အချုပ်အခြာဖြစ်သည်။ သူ၏ အလိုတော်သည် ပြည့်စုံမည်။[၇၈] ထို့ကြောင့် အကယ်၍ လူများကို မိမိအတွက် ရွေးချယ်လျှင်လည်းကောင်း၊ သားတော်သည် ရွေးချယ်ခြင်းခံရသော သူများအတွက် တည်ရှိလျှင်လည်းကောင်း၊ ထိုသူတို့အတွက် ဆင်းရဲဒုက္ခခံစားလျှင်လည်းကောင်း၊ အစားထိုးသေခြင်းဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ လိုအပ်ချက်ကို တွေ့မြင်စေပြီး သန့်ရှင်းစေရန်နှင့် ပြန်လည်သင့်မြတ်စေရန် အတွက် ဖြစ်သည်။[၇၉] သူသည် ကျွန်ုပ်တို့ကိုယ်ပိုင် နည်းလမ်းများဖြင့် မလုပ်နိုင်သော အရာကို ဖယ်ရှားပေးသည်။ ၎င်းနောက် ကျွန်ုပ်တို့အတွက် ခရစ်တော်အားဖြင့် အလုပ်ပြီးစီးကြောင်း ကျွန်ုပ်တို့အား သိစေသည်။

ပထမဦးစွာ သူသည် ကျွန်ုပ်တို့၏ သေနေသော ဝိညာဉ်တော်ကို အသက်ရှင်စေသည်။[၈၀] ဤအရာသည် အသစ်မွေးဖွားခြင်းဖြစ်ပြီး ဝိညာဉ်ရေးရာ မွေးဖွားခြင်းဟု ယေရှုက ဖော်ပြခဲ့သည်။[၈၁] ယခုတွင် ကျွန်ုပ်တို့သည် အသစ်မွေးဖွား သောသူများဖြစ်ကြသည်။ ထိုအချိန်မှစ၍ သူသည် ကျွန်ုပ်တို့၏ မျက်စိကို ဖွင့်ပေးလျှက် သန့်ရှင်းသောဘုရားကို မြင်စေရန် အလင်းရောင်ပေးသည်။

ကျွန်ုပ်တို့သည် ကြောက်ရွံ့ ခြင်း၌ တုန်လှုပ်ပြီး ကြောက်ရွံ့ ရိုသေလေးစားခြင်း၌ တုန်လှုပ်ကြသည်။ ကျွန်ုပ်တို့သည် သံသယရှိခြင်း၏ နောက်ကွယ်တွင် ညစ်ပေလျှက် အပြစ်ရှိသော သတ္တဝါများဖြစ်ကြောင်း သိရှိကြသည်။ ကျွန်ုပ်တို့ကို ဖန်ဆင်းတော်မူသော ဖြောင့်မတ်မှု၏ ရှေ့တော်တွင် ကျွန်ုပ်တို့၏ နှလုံးသားများက အို၊ ကိုယ်တော်၊ အပြစ်ဖြစ်သော ကျွန်ုပ်ကို သနားတော်မူပါဟု အော်၍ ခေါ်ပါ။[၈၂] ထိုသို့ပြုလုပ်ပြီး မဖော်ပြနိုင်သော မေတ္တာနှင့် အလျှံပယ်သော မေတ္တာအားဖြင့် ဘုရားသခင်သည် သင့်ကို အဖြေပေးလိမ့်မည်။ သင်၏ အပြစ်သည် ဖယ်ပေးပြီး သင်၏အပြစ်သည် စင်ကြယ်သွားပြီ ဟု တုန့်ပြန်လိမ့်မည်။[၈၃] ဝိညာဉ်တော်သည် အသစ်သော ဝိညာဉ်တော်ဖြစ်သည့် ကျွန်ုပ်တို့ အထဲ၌ရှိသော ဝိညာဉ်တော်ကို စကားပြောခဲ့သည်။ ဘုရားသခင်၏ သိုးသူငယ်ကို ကြည့်ပါဟု ပြောသည်။[၈၄] ဝိညာဉ်တော်မျက်စိအားဖြင့် ယေရှုကို ကျွန်ုပ်တို့ မြင်ကြသည်။ ကျွန်ုပ်တို့၏ နေရာတွင် ကားတိုင်ပေါ်၌ တင်ထားသော ယေရှုကို ကျွန်ုပ်တို့ တွေ့မြင်သည်။ ကျွန်ုပ်တို့သည်

ကြိမ်ဒဏ်ပေးခြင်း၊ သံမှိုးနှင့်ရိုက်ခြင်း၊ ဆူးဦးရစ်တို့ကို မြင်တွေ့ကြသည်။ ခမည်းတော်၏ အမျက်တော်သည် ယေရှုအပေါ်၌ သွန်းလောင်းခဲ့သည်။

ထိုအချိန်တွင် ကျွန်ုပ်တို့လုပ်နိုင်သောအရာ ဘာမျှမရှိကြောင်း သိရှိကြသည်။ ကျွန်ုပ်တို့၏ အကောင်းဆုံးသော ကြိုးပမ်းမှုများဖြင့် လုပ်နိုင်သောအရာ တစ်ခုမျှ မရှိကြောင်း၊ အချည်းနှီး သက်သက်ဖြစ်ကြကြောင်း၊ အံ့သြဖွယ်ရာအားဖြင့် ကျွန်ုပ်တို့ သဘောပေါက် ကြသည်။[၈၅] ကျွန်ုပ်တို့သည် ရုတ်တရက်အားဖြင့် ကျွန်ုပ်တို့၏ ဘုရားသခင်နှင့်အတူ မိတ်သဟာယကို အံ့သြဖွယ်ရာအားဖြင့် ရရှိကြောင်း နားလည်ရသည်။ ကျွန်ုပ်တို့သည် သူ့ကို ဆာငတ်ကြသည်။[၈၆] သူ့ကို သိရှိရန်၊ သူ၏ ဘုန်းတော်ကို လုံးဝသိရှိခံစားကြရန်၊ သူ၏ မေတ္တာ၊ သူ၏ ကျေးဇူးတော်ကို ရရှိခံစားကြရန် ဆာငတ်ကြသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အပြစ်ကြောင့် ဤသမ္မာတရားကို မမြင်တွေ့ရန် ကန်းစေကြောင်း သိရှိကြသည်။ ကျွန်ုပ်တို့သည် ပျော်ရွှင်မှု၊ ငြိမ်သက်ခြင်း၊ သာယာမှုတို့ကို ကိုယ်တော်က လွဲ၍ မတွေ့မြင်နိုင်ကြပေ။ ကျွန်ုပ်တို့သည် မိုက်မဲမှုဖြင့် အသက်ရှင်ခဲ့ကြသောကြောင့် ဖြစ်သည်။ ကျေးဇူးတော်အားဖြင့် အံ့သြဖွယ်ရာ ဆောင်ရွက်ခဲ့သည်။ တန်ခိုးကြီးသော ဘုရင်အပေါ် သစ္စာရှိခြင်းနှင့် ကားတိုင်ခြေတော်ရင်းတွင် ရှိကြသည်။

၆၄ ဟောရှာ ၅၃ း ၅
၆၅ ယောဟန် ၁၉ း ၃၀
၆၆ မဿဲ ၂၈ း ၁ - ၉
၆၇ ၁ကော ၁၅ း ၅၅ ; cf. ၂ကော ၄ း ၁၄
၆၈ ဗျာဒိတ် ၁ း ၅ ; cf. ဟောရှာ ၁ း ၁၈ ; ၁ယောဟန် ၁ း ၇
၆၉ ရောမ ၃ း ၂၅ ; cf. ၁ပေ ၁ း ၁၈ - ၁၉
၇၀ ၁ကော ၆ း ၂၀ ; ၇ း ၂၃
၇၁ ဖေက် ၅ း ၂၅
၇၂ ယောဟန် ၁၀ း ၁၅ ; မာကုပ် ၁၀ း ၄၅ ; ဗျာဒိတ် ၅ း ၉ ; မဿဲ ၁ း ၂၁ ; ယောဟန် ၁၇ း ၂ - ၉ - ၁၀ ; ဆာလံ ၈၅ း ၂ ; တိတု ၂ း ၁၄ ; ရောမ ၄ း ၂၅
၇၃ တမန်တော် ၁၇ း ၃၀ ; cf. ယောဟန် ၁၂ း ၅၀
၇၄ ယောဟန် ၆ း ၃၇
၇၅ ရောမ ၁၂ း ၃
၇၆ ၂တိ ၂ း ၂၅ ; cf. တမန်တော် ၅ း ၃၁ ; ၁၁ း ၁၈
၇၇ ဆာလံ ၁၁၅ း ၁
၇၈ ဖေက် ၁ း ၁၁ ; cf. ယောဘ ၄၂ း ၂ ; သုတ္တံ ၁၆ း ၁ - ၉ - ၃၃ ; ၂၁ း ၁ ; ဟဗက္ကုတ် ၁ း ၁၂ ; ဖေက် ၃ း ၁၁ ; ဟောရှာ ၄၀ း ၁၇ ; ဆာလံ ၁၁၅ း ၃ ; ၁၃၅ း ၆ ; ဒံယေလ ၄ း ၃၅
၇၉ ယောဟန် ၁၆ း ၈

## ကျေးဇူးတော်၏ဖုံးအုပ်ထားခြင်း
## ( Grace Covers )

ဘုရားသခင်သည် လောကကို ဖန်းဆင်းပြီး ၎င်းထဲတွင် ကျွန်ုပ်တို့ ပါဝင်ကြသည့်အကြောင်း ကျွန်ုပ်တို့သိကြသည်။ ထိုအရာသည် ကောင်းသောအရာ ဖြစ်ခဲ့သည်။ သို့သော် အာဒံ၏ အပြစ်ကြောင့် ၎င်းအချိန်မှစ၍ လူတိုင်း၌ တစ်ဦးချင်း အပြစ်ရှိသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာ အသက်တာနှင့် ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့မှု ပျက်ပြားခဲ့သည်။ ၎င်းအပြင် ဘုရားသခင်၏ တရားစီရင်မှုသည် သူ၏ မေတ္တာနှင့် မိတ်သဟာယမပါဘဲ ထာဝရကာလအတွက် ကျွန်ုပ်တို့အား ပြစ်ဒဏ်ချမှတ်ရန် တောင်းဆိုသည်။

သို့သော် သူသည် ဂရုဏာနှင့်ပြည့်စုံသော ဘုရားဖြစ်သောကြောင့်လည်းကောင်း၊ မေတ္တာတော်နှင့် သနားခြင်းဂရုဏာနှင့် ပြည့်ဝသော ဘုရားသခင်ဖြစ်သောကြောင့် လည်ကောင်း၊ ခမည်းတော်သည် အချို့အား ကယ်တင်ခြင်းသို့ရောက်ရန် ရွေးကောက် ခဲ့သည်။ မိမိနှင့်အတူ မိတ်သဟာယမှန်ကန်စွာ ပြန်ဖွဲ့ရေးအလို့ငှာ ရွေးကောက်ခဲ့သည်။ သားတော်သည် ၎င်းတို့၏နေရာတွင် ဝေဒနာခံစားရန် သဘောတူညီခဲ့သည်။ ၎င်းတို့၏ အပြစ်အတွက် အမျက်တော်ကို သယ်ပိုးရန် သဘောတူညီခဲ့သည်။ ဘုရားသခင်၏ တရားမျှတမှုကို ကျေနပ်စေရန်၊ ၎င်းတို့၏ အပြစ်ကြွေးကို ဆပ်ပေးရန်၊ သေခြင်းကို အောင်မြင်ရန် ဆောင်ရွက်ခဲ့သည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ၎င်းတို့၏ သေခြင်း၊ အပြစ်ယိုယွင်းပျက်စီးမှုဖြစ်သည့် ဝိညာဉ်များ နိုးကြားလာအောင် ပါဝင်ခဲ့သည်၊ ၎င်းတို့၏ မျက်စိများသည် ခရစ်တော်ဘက်သို့ ဦးလှည့်စေသည်။

နောက်တစ်ခုရှိသေးသည်။ မိမိလူများအတွက် ဘုရားသခင်၏ ကျေးဇူးတော်သည် တိုင်းတာ၍ မရပေ။ ထိုကျေးဇူးတော်အားဖြင့် ဘုရားသခင်သည် ဆုကျေးဇူးများကို ပေးသည်။[၈၇] ကောင်းချီးမင်္ဂလာများကို မိုးရွာသကဲ့သို့ သွန်းလောင်းသည်။[၈၈] လောကအသင်းတော်တွင် ခရစ်တော်၏ ခန္ဓာကိုယ်တော်အဖြစ် ရွေးကောက်ခြင်းခံရသော ပုဂ္ဂိုလ်များကို ရရှိစေသည်။ ထိုနေရာတွင် ၎င်းတို့သည် မိတ်သဟာယဖွဲ့ခြင်း၊ ချစ်ခြင်း၊ ပျော်ရွှင်ခြင်း၊ ထောက်မခြင်း၊ အားပေးတိုက်တွန်းခြင်းတို့ကို တွေ့မြင်ခံစားကြသည်။[၈၉]

ခရစ်ယာန်တစ်ဦးဖြစ်ခြင်းသည် လွယ်ကူသောအရာမဟုတ်ပေ။ အမှန်အားဖြင့်၊ ယေရှုသည် ဆင်းရဲဒုက္ခခံစားသည့် နည်းတူ ကျွန်ုပ်တို့ခံစားမည့် အကြောင်း ပြော ခဲ့သည်။[၉၀] ကျွန်ုပ်တို့သည် မိမိလက်ဝါးကပ်တိုင်ကို ထမ်းပြီး ယေရှုနောက်သို့လိုက်ရန် ကျွန်ုပ်တို့အား ပြောပြခဲ့သည်၊ ကျွန်ုပ်တို့သည် ဝိညာဉ်ရေးနှင့်ဆိုင်သော ရန်သူများကို တိုက်ပွဲဝင်မည့်အကြောင်း[၉၂]နှင့် ညှင်းပန်းနှိပ်စက်ခြင်းကို သည်းခံရမည့်အကြောင်း ပြောပြခဲ့သည်။[၉၃] သို့သော် ကျွန်ုပ်တို့အား ကတိပေးသည်မှာ ငါတို့အား ဘယ်သောအခါမျှ စွန့်မသွားမည့်အကြောင်း ကတိပြုထားသည်။[၉၄] ယေရှုသည် အားပေးနှစ်သိမ့်ပေးသူဖြစ်ပြီး ကျွန်ုပ်တို့အထဲ၌ အသက်ရှင်သည်။[၉၅] ဤအရာသည် သန့်ရှင်းသော ဝိညာဉ်တော် ဖြစ်သည်။ သူသည် ကျွန်ုပ်တို့နှင့်အမြဲ အတူပါရှိမည့်အကြောင်း ယေရှုခရစ်တော်က ကတိပေးခဲ့သည်။[၉၆]

၈၀ ယောဟန် ၃း၆ ;၆း၆၃ cf. တိတု ၃း၅

| | | |
|---|---|---|
| ၈၁ | ယောဟန် | ၃ း ၅ - ၈ ; ၁ပေ ၁ း ၂၃ |
| ၈၂ | လုကာ | ၁၈ း ၁၃ |
| ၈၃ | ယေရှာ | ၆ း ၇ |
| ၈၄ | ယောဟန် | ၁ း ၃၆ |
| ၈၅ | ယေရှာ | ၄၆ း ၆ |
| ၈၆ | ဆာလံ | ၄၂ း ၁ - ၂ ; cf . ၆၃ း ၁ |
| ၈၇ | ရောမ | ၁၂ း ၄ - ၈ ; cf . ၁ကော ၁၂ |
| ၈၈ | ဖေက် | ၁ း ၃ ; cf . ၃ း ၂၀ |
| ၈၉ | ၁ကော | ၁၂ း ၁၂ - ၃၁ |
| ၉၀ | မဿဲ | ၁၀ း ၂၂ ; cf . ရောမ ၈ း ၁၇ |
| ၉၁ | လုကာ | ၁၄ း ၂၇ |
| ၉၂ | ဖေက် | ၆ း ၁၂ |
| ၉၃ | ယောဟန် | ၁၆ း ၃၃ |
| ၉၄ | ယောဗြဲ | ၁၃ း ၅ |
| ၉၅ | ယောဟန် | ၁၄ း ၁၇ |
| ၉၆ | ယောဟန် | ၁၄ း ၁၆ |

သန့်ရှင်းသော ဝိညာဉ်တော်သည် မိမိ၏အလင်းနှင့် မိမိ၏တန်ခိုးအားဖြင့် ကျွန်ုပ်တို့၏ နှလုံးသားများကို လွှမ်းမိုးသည်။[၉၇] သူသည် မှန်ကန်မှုနှင့် စစ်မှန်ခြင်းအားဖြင့် ကျွန်ုပ်တို့ကို သွန်သင်ထားသည်။[၉၈] သူသည် ၎င်းအလင်းထဲ၌ လျှောက်သွားနိုင်ရန် ကျွန်ုပ်တို့အား စွမ်းအားကို ပေးသည်။[၉၉] သူသည် ဘုရားသခင်၏ နှုတ်ကပတ်တော် အားဖြင့် ကျွန်ုပ်တို့အား စကားပြောသည်။ [၁၀၀] မယုံကြည်သူများအတွက် မိုက်မဲမှုအရာ များကို အလင်းရောင်ပေးသည်။ ထိုအရာများသည် ကျွန်ုပ်တို့အတွက် မပြောပလောက်နိုင်အောင် တန်ဖိုးကြီးသည်။[၁၀၁] သူသည် ကျွန်ုပ်တို့၏ ဝိညာဉ်များကို တံဆိပ်ခတ်ပြီး ကျွန်ုပ်တို့ဘုရားပိုင်ဆိုင်ကြောင်း ကျွန်ုပ်တို့ကို အာမခံပေးသည်။[၁၀၂] မထိုက်တန်သောသူ၏ ကျေးဇူးတော်ခွက်ဖလားများ ဖြစ်သည်။[၁၀၃] သူသည် ကိုယ်တော်၏ အသီးအပွင့်ကို သေခြင်းအားဖြင့် ဘုရားသခင်၏ ထင်ဟပ်အသွင်သဏ္ဌာန်ကို ကျွန်ုပ်တို့အား တိုးပွားစေသည်။[၁၀၄] ကျွန်ုပ်တို့၏ အသက်တာများသည် ခရစ်တော်ကဲ့သို့ ဖြစ်သည်ထက် ဖြစ်လာကြသည်။[၁၀၅] ကျွန်ုပ်တို့၏ အမှောင်မိုက်ဆုံးသော သံသရာများ၊ သွေးဆောင်မှုများ ပေါ်ပေါက်လာသောအချိန်တွင် သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ဒုက္ခရောက် သောနှလုံးသားများကို တွေ့မြင်နိုင်ပုံမပေါ်သောအခါ ကျွန်ုပ်တို့အတွက် သန့်ရှင်းသော ဝိညာဉ်သည် ဆုတောင်းပေးသည်။[၁၀၆]

ကျွန်ုပ်တို့သည် ခလုပ်တိုက်ပြီး အပြစ်ကိုပြုသောအခါ[၁၀၇] သူသည် ကောင်းကင် တွင် ကျွန်ုပ်တို့၏ ရှေ့နေဖြစ်ကြောင်း ကျွန်ုပ်တို့အားသတိပေးသည်။[၁၀၈] သူသည်အပြစ် အတွက် လုံးဝ ပြည့်စုံသော အဖိုးအခကို ပေးရန်ကြော်ငြာခဲ့သည်။ ကျွန်ုပ်တို့အားအမြဲ ခွင့်လွှတ်သည်။ အဘယ် ကြောင့်ဆိုသော် ကျေးဇူးတော်သည် ကျွန်ုပ်တို့အား ဖုံးအုပ်ပြီး ဘုရားသခင်သည် အမြဲသစ္စာရှိပြီးတရား မျှတသည်။[၁၀၉] ထို့ကြောင့်သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကိုလက်ခံ၍ မှန်ကန်သောလမ်းသို့

ကျေးဇူးတော်နှင့်အတူ ဦးဆောင် လမ်းပြသည်။[၁၁၀]

ကျွန်ုပ်တို့သည် ဆက်၍မသွားနိုင်ကြောင်း ထင်မြင်ရသောအခါတွင် လည်းကောင်း ဘဝစမ်းသပ်ခြင်း ကျွန်ုပ်တို့အား လွှမ်းခြုံသောအခါ သူသည် ကျွန်ုပ်တို့အား သတိပေးသည်။၎င်းမှာ ဘုရားသခင်သည် သစ္စာရှိသည့်အကြောင်း ဖြစ်သည်။[၁၁၁] မိမိ၏လက်တော်၌ ကျွန်ုပ်တို့အား ဆုပ်ကိုင်သူမှာ ယေရှုခရစ်တော်ဖြစ်သည်။ မည်သည့်အရာမျှ ကျွန်ုပ်တို့အား နှုတ်ယူ၍ မရပေ။[၁၁၂] သူသည် ကျွန်ုပ်တို့ကို စောင့်ရှောက်သည်။ သူ၏တန်ခိုးတော်ဖြင့် စောင့်ရှောက်သည်။[၁၁၃] ၎င်းအပြင် သူသည် ကျွန်ုပ်တို့ကို ကျူးလွန်သောအရာကို ပြုစုသည်။[၁၁၄] ဘုရားသခင်သည် ကျွန်ုပ်တို့အထဲ၌ စတင်၍ အလုပ်လုပ်သည်။ သူသည် အပြစ်ဒဏ်ကို စီရင်သည်။[၁၁၅] အဘယ်ကြောင့်ဆိုသော်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အလိုတော်အတိုင်း အပ်နှံကြသည်။[၁၁၆] ကျွန်ုပ်တို့သည် သေခြင်းမှ အသက်ရှင်ခြင်းသို့ ကူးပြောင်းကြသည်။[၁၁၇] ကျွန်ုပ်တို့သည် ခရစ်တော်ကို ယုံကြည်ခြင်းကြောင့် အာမခံချက်ရှိသည်။

ကျွန်ုပ်တို့၏ အဖြေတစ်ခုမှာ မသေနိုင်သော မေတ္တာဖြစ်သည်။[၁၁၈] ကျေးဇူးတော်ကို ဝိုင်းရံလွှမ်းမိုးသည်။[၁၁၉] သစ္စာရှိသော ဝတ်ပြုကိုးကွယ်မှုဖြစ်ပြီး[၁၂၀] ကိုယ်တော်၏ နိုင်ငံတော် အတွက် ကျွန်ုပ်တို့၏ ဘုရင်ကို ပျော်ရွှင်စွာဖြင့် အမှုတော်ဆောင်ကြသည်။[၁၂၁]

ဤအရာကား သတင်းကောင်းဖြစ်သည်။ သင်ဖတ်ရှုသော တစ်စုံတစ်ခုသည် သင်၏ နှလုံးသားကို ကောက်ယူပြီး ယေရှုထံသို့ အော်ပြောသည်။ သင်သည် မျှော်လင့်ချက် မဲ့သောသူအဖြစ် ကိုယ်တိုင်တွေ့မြင်လျှင် ယေရှုထံသို့ အော်၍ ခေါ်ပါ။ ပျက်စီးခြင်းသို့ ဦးတည်နေလျှင် ယေရှုကို ခေါ်ပါ။ သင်သည် ထာဝရအသက်ကို တမ်းတရယူလိုလျှင် လည်းကောင်း၊ သင်သည် လုပသောသူ၏ သန့်ရှင်းမှုအားဖြင့် သင်၏ ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်လိုသော ဆန္ဒပြင်းပြလျှင်လည်းကောင်း၊ ယေရှုထံသို့အော်၍ ခေါ်ပါ။ ယေရှုကို အော်ဟစ်၍ခေါ်ပါ။

သတိရပါ။ ၎င်းသည် ကျေးဇူးတော်ကြောင့် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ဘုရားသခင်နှင့်ပတ်သက်သော အကြောင်းစုံဖြစ်သည်။

| | | |
|---|---|---|
| ၉၇ | ၁ကော | ၂ း ၄ - ၁၅ |
| ၉၈ | ယောဟန် | ၁၆ း ၁၃ |
| ၉၉ | ဖေက် | ၃ း ၁၆ |
| ၁၀၀ | ယောဟန် | ၁၄ း ၂၆ |
| ၁၀၁ | ၁ကော | ၂ း ၁၃ - ၁၄ ; cf . ၁ း ၁၈ - ၂၄ |
| ၁၀၂ | ဖေက် | ၁ း ၁၃ - ၁၄ cf . ၂ကော ၁ း ၂၂ ; ၅ း ၅ |
| ၁၀၃ | ၂ကော | ၄ း ၆ - ၇ |
| ၁၀၄ | ဂလာတိ | ၅ း ၂၂ - ၂၃ |
| ၁၀၅ | ၂ကော | ၃ း ၁၈ |
| ၁၀၆ | ရောမ | ၈ း ၂၆ ; cf . ဂလာတိ ၄ း ၆ |
| ၁၀၇ | ယာကုပ် | ၃ း ၂ ; cf . ၁ယောဟန် ၁ း ၈ |
| ၁၀၈ | ၁ယောဟန် | ၂ း ၁ |

| | | |
|---|---|---|
| ၁၀၉ | ၁ယောဟန် | ၁ း ၉ |
| ၁၁၀ | Luke ၁၅ ထဲတွင် ပုံဥပမာလေးခု၌ ဘုရားသခင်၏ ကျေးဇူးတော်၏ လုပ်ဆောင်ချက်အကြောင်းကို ဖတ်ပါ။ | |
| ၁၁၁ | ၁သက် | ၅ း ၂၄ |
| ၁၁၂ | ယောဟန် | ၁၀ း ၂၈ - ၂၉ |
| ၁၁၃ | ၁ပေ | ၁ း ၅ |
| ၁၁၄ | ၂တိ | ၁ း ၁၂ |
| ၁၁၅ | ဖိလိပ္ပိ | ၁ း ၆ |
| ၁၁၆ | ယောဟန် | ၃ း ၁၆ ; ယောဟန် ၁၀ း ၂၇ - ၃၀ ; ၁ယောဟန် ၅ း ၁၃ ; ရောမ ၈ း ၁ , ၃၀ - ၃၉ ; ဖေက် ၁ း ၁၂ - ၁၄ ; ရှင်ယုဒ ၂၄ |
| ၁၁၇ | ယောဟန် | ၅ း ၂၄ |
| ၁၁၈ | ဆာလံ | ၃၇ း ၄ ; ယောရှာ ၂၆ း ၈ |
| ၁၁၉ | ကောလော | ၁ း ၂၇ |
| ၁၂၀ | ဆာလံ | ၉၅ း ၆ ; ၉၆ း ၉ |
| ၁၂၁ | ဂလာတိ | ၅ း ၁၃ ; ကောလော ၃ း ၂၃ - ၂၄ |

**** **** ****